
mgyoe.com
စိတ်ကူးချိုချိုအနုပညာ

# သိန်းဖေမြင့်


# ကျွန်တော့်ဝတ္ထုများထဲမှ ကျွန်တော့်ဇာတ်ဆောင်များ



mgyoe.com

moyoe.com

ငါတို့ စာရေးကြတယ်။ ဝတ္ထုရေးကြတယ်။ ဒီလို ဝတ္ထုရေးပေမဲ့ ဘယ်တုန်းကမှ ဝတ္ထုရေးနည်းနိဿရည်းဆိုတဲ့စာအုပ် မဖတ်ဖူးဘူး။ ဝတ္ထုတွေသာ ရေးလာတယ်။ ဘယ်တုန်းကမှ ဝတ္ထုရေးဆရာဖြစ်နည်း သင်တန်း မတက်ဖူးဘူး။ ဒါဖြင့် စာရေးဆရာ ဘယ်လိုဖြစ်လာလဲလို့ဆိုရင် သူများတွေ ရေးတာတွေကို ဖတ်တယ်။ မြန်မာဝတ္ထုတွေကို ဖတ်တယ်။ အင်္ဂလိပ်ဝတ္ထုတွေကို ဖတ်တယ်။ ဖတ်ပြီးတော့ မှတ်သားတယ်။ မှတ်ပြီးတော့ စိတ်ပါ လက်ပါနဲ့ ရေးတယ်။ လျှောက်ပြီးတော့ ရေးလာတယ်။ ဝတ္ထုတိုတွေ ဖြစ်လာတယ်။ ဝတ္ထုရှည်တွေ ဖြစ်လာတယ်။ နောက်တော့ ခုနင်က ဆရာမကြီး ပြောတဲ့ ဆရာကြီး အခေါ်ခံရတဲ့ အခုလို ဝတ္ထုရေးဆရာကြီး ဖြစ်လာတယ်။ ဒီတော့ကာ. . ဒီနေ့ ဘာလုပ်မှာလဲဆိုတော့ လက်တွေ့အလုပ်လုပ်လာတဲ့ လက်တွေ့ ကိုယ်ရေးသားလာတဲ့အခါ ငါဒီလိုဝတ္ထုတွေ ရေးလာတဲ့ဟာ. . . ဘယ်ဟာဖြင့် အရေးကြီးတယ်။ အဲဒီအခါမှာ ဘယ်အင်္ဂါရပ်တွေဖြင့် လိုတယ်ဆိုတဲ့ သဘောတရားတွေ ဖြစ်လာတယ်။ လက်တွေ့ကနေ သဘောတရား ဖြစ်လာတယ်။ အဲဒီတော့ လက်တွေ့လုပ်လာခဲ့တယ်။ လက်တွေ့ဝတ္ထုရေးလာခဲ့တယ်။ သဘောတရား ထုတ်ကြည့်တယ်။ Theory ထုတ်ကြည့်တယ်။ ထုတ်ကြည့်ပြီးနောက် ဒါကို ယခုတင်ပြတယ်။ အဲလိုပဲ ယူဆစေချင်တယ်။



# သိန်းဖေမြင့်

## ကျွန်တော့်ဝတ္ထုများထဲမှ ကျွန်တော့်ဇာတ်ဆောင်များ

ISBN9789997117779
TPM19
9 789997 117779
900.00 KS

moyoe.com

mgyoe.com

ကျွန်တော့်ဝတ္ထုများထဲမှ ကျွန်တော့်ဇာတ်ဆောင်များ သိန်းဇော်မြင့်
မျက်နှာဖုံးဓာတ်ပုံ - unsplash image
စာမျက်နှာ ၇၆ မျက်နှာ၊ ၁၀ စင်တီ× ၁၆ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၉ နှံ့သာတိုက်၏ ပထမအကြိမ်မှ

ရောင်းဈေး ● ၄ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

# ကျွန်တော့်ဝတ္ထုများထဲမှ ကျွန်တော့်ဇာတ်ဆောင်များ

သိန်းဖေမြင့်

ဒုတိယအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နားနဲ့မနာ ဖဝါးနဲ့နာပါ

ဟောပြောမယ့်အခါမှာ ကျွန်တော်ဟောပြောမယ့် ပုဂ္ဂိုလ်တွေထဲမှာ ဆရာဦးမောင်မောင်ကြီး မပါပါဘူး။ ပါမောက္ခမို့ မဟုတ်ပါဘူး။ 'မင်းနဲ့ငါနဲ့' အားရပါးရ ပြောချင်ရင် သူကတော့ရွယ်တူလား၊ သူကတော့ ကိုယ့်ထက်ကြီးမလားလို့ တွက်နေရတယ်။ ရုပ်ကြည့်တော့ သူကကြီးနေတာပဲ။ (ရယ်သံများ)

ပြောတဲ့အခါမှာ ခုနကပြောသလို ကျောင်းသားတွေကို ဆရာတစ်ယောက်က သင်ကြားသလို တူတွေ တူမတွေကို ဦးကြီးဦးလေးတစ်ယောက်က ပြောတဲ့ အနေနဲ့ပြောမှာမို့ နားနဲ့မနာ ဖဝါးနဲ့နာပါလို့ တောင်းပန်ပါတယ်။

mgyoe.com

mgyoe.com


**ဝတ္ထုရေးနည်းမဖတ်ဖူးပါ**

နောက်ပြီး ဒီမှာပြောမယ်လို့ရည်ရွယ်တော့ ကိုယ့်စာကိုယ်အပြေးအလွှား ပြန်ဖတ်ရသေးတာပေါ့ လေ။ ဖတ်ပြီးတော့ ပြင်ဆင်တဲ့အခါမှာ ဘာသွားတွေ့ လဲဆိုတော့… ရေးစရာ၊ ပြောစရာတွေက များလာ တယ်။ အခုစီစဉ်ရင်းပဲ ဝတ္ထုတိုပေါင်းချုပ်ထဲက ဇာတ် ကောင်တွေ အကြောင်းကိုပြောဖို့ အချိန်ရမှာ မဟုတ် ဘူးခင်ဗျ။ (ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ထောင်ပြ လျက်) သူ့ကိုတော့ ပြောဖြစ်မှာမဟုတ်ဘူး။ ဒါက သတိမေ့လို့ယူလာတာ။ နောင်ဆိုရင်တော့ ဝတ္ထုတို ပေါင်းချုပ်ထဲက ဝတ္ထုတိုတွေထဲက ဇာတ်ကောင်တွေ ကို သတ်သတ်ပြောချင်ပါတယ်။

ကနေ့ပြောချင်တာက ငါတို့စာရေးကြတယ်။ ဝတ္ထုရေးကြတယ်။ ဒီလိုဝတ္ထုရေးပေမဲ့ ဘယ်တုန်းကမှ ဝတ္ထုရေးနည်း နိဿရည်းဆိုတဲ့စာအုပ် မဖတ်ဖူးဘူး။ ဝတ္ထုတွေသာ ရေးလာတယ်။ ဘယ်တုန်းကမှ ဝတ္ထုရေး ဆရာဖြစ်နည်းသင်တန်း မတက်ဖူးဘူး။ ဒါဖြင့် စာရေး ဆရာ ဘယ်လိုဖြစ်လာလဲလို့ဆိုရင် သူများတွေရေးတာ တွေကို ဖတ်တယ်။ မြန်မာဝတ္ထု တွေကိုဖတ်တယ်။ အင်္ဂလိပ်ဝတ္ထုတွေကိုဖတ်တယ်။ ဖတ်ပြီးတော့ မှတ် သားတယ်။ မှတ်ပြီးတော့ စိတ်ပါလက်ပါနဲ့ရေးတယ်။

mgyoe.com

mgyoe.com


လျှောက်ပြီးတော့ ရေးလာတယ်။ ဝတ္ထုတိုတွေဖြစ်လာတယ်။ ဝတ္ထုရှည်တွေ ဖြစ်လာတယ်။ နောက်တော့ ခုနင်က ဆရာမကြီးပြောတဲ့ ဆရာကြီးအခေါ်ခံရတဲ့ အခုလို ဝတ္ထုရေးဆရာကြီး ဖြစ်လာတယ်။

ဒီတော့ကာ... ဒီနေ့ ဘာလုပ်မှာလဲဆိုတော့ လက်တွေ့အလုပ်လုပ်လာတဲ့ လက်တွေ့ကိုရေးသားလာတဲ့အခါ ငါဒီလိုဝတ္ထုတွေရေးလာတဲ့ဟာ... ဘယ်ဟာဖြင့် အရေးကြီးတယ်၊ အဲဒီအခါမှာ ဘယ်အင်္ဂါရပ်တွေဖြင့် လိုတယ်ဆိုတဲ့ သဘောတရားတွေ ဖြစ်လာတယ်။ လက်တွေ့ကနေ သဘောတရား ဖြစ်လာတယ်။ အဲဒီတော့ လက်တွေ့လုပ်လာခဲ့တယ်။ လက်တွေ့ဝတ္ထုရေးလာခဲ့တယ်။ သဘောတရား ထုတ်ကြည့်တယ်။ Theory ထုတ်ကြည့်တယ်။ ထုတ်ကြည့်ပြီးနောက် ဒါကိုယခုတင်ပြတယ်။ အဲလိုပဲ ယူဆစေချင်တယ်။

**ဘယ်ဟာ အရေးကြီးဆုံးလဲ**

အဲဒီတော့ အဲဒီသဘောနဲ့ ပြန်ပြောင်းပြီး ကြည့်တဲ့အခါ ဘယ်ဟာအရေးကြီးဆုံးဆိုတာ ရှာတွေ့လာတယ်။

ဝတ္ထုရေးတဲ့အခါမှာ ဇာတ်ကောင်သရုပ်ဖော်တာ

mgyoe.com

mgyoe.com


အရေးကြီးဆုံးဆိုတာ တွေ့လာတယ်။ အတွေ့အကြုံက ပြောတယ်ဆိုတဲ့ စကားအရ အတွေ့အကြုံကနေ ကြည့်မယ်ဆိုလို့ရှိရင် ဇာတ်ကောင်တွေကို ရုပ်လုံးကြွပြီး ဖောင်းထလာအောင်၊ ဖြစ်လာအောင်၊ လှုပ်ရှားလာအောင် ဇာတ်ကောင်တွေရဲ့စရိုက် သဘောသဘာဝ ဖော်တာဟာဆိုလို့ရှိရင် ဝတ္ထုရေးရာမှာ၊ ဝတ္ထုရေးတဲ့အတတ်ပညာမှာ အရေးကြီးတဲ့အချက်ဆိုတာ သိလာတယ်။ အဲဒီအချက်တစ်ချက်လည်း မှတ်ထားပါ။ နောက်တစ်ချက်ကတော့ ဝတ္ထုရေးတဲ့အခါမှာ ရေးရတဲ့အကြောင်းရင်းကိုလည်း ပြန်ကြည့်ရတယ်။ ရေးရတဲ့အကြောင်းရင်းဆိုတာ အင်္ဂလိပ်လို Theme လို့ခေါ်တယ်။ များသောအားဖြင့် Theme ဆိုရင် တော်တော်လေးနားလည်ကြပါတယ်။ ခုအဲဒီစကားကိုပဲ ပညာရှိပေါင်း မြောက်မြားစွာဟာ ဘာသာပြန်ကြည့်တယ်။ အပေါက်တည့်တာ မတွေ့သေးခင် (ရယ်သံများ) ရည်ရွယ်ချက်လို့ ပြောလိုပြော၊ တချို့ကလည်း ဘာညာပေါ့လေ။ ဒီနေရာမှာတော့ ကိုယ်ကတော့ ဝတ္ထုရေးရာမှာ အကြောင်းရင်းလို့ ပြောလိုတယ်။ ဥပမာအား ဖြင့် ငါတို့ငယ်ငယ် ပထမဆုံးရေးတဲ့ ၁၉၃၆ ခုနှစ်က ရေးတဲ့ (၃၆ဆိုတော့ လွန်ခဲ့တဲ့ ၃၃ နှစ်တုန်းကရေးတဲ့) "တက်ဘုန်းကြီး" ဝတ္ထုဟာ ပထမဆုံးဝတ္ထုလည်းပဲ

mgyoe.com

mgyoe.com



ဖြစ်တယ်။ အဲဒီဝတ္ထုတုန်းကဆိုလို့ရှိရင် ရေးရတဲ့ အကြောင်းရင်း၊ အဲဒီအကြောင်းရင်းက တို့ဘုန်းကြီးလောက၊ သာသနာလောက၊ သံဃာ့လောက၊ သာသနာအတွင်းမှာ မသန့်မရှင်းတွေဖြစ်နေတယ်။ ဘုန်းကြီးတွေက မလုပ်သင့်တာတွေ၊ ဝိနည်းသိက္ခာနဲ့ မညီညွတ်တာတွေကို အချို့လည်း ဖောက်လွဲဖောက် ပြန်နဲ့လုပ်နေကြတယ်။ အဲဒီလုပ်နေကြတာတွေကို တိုင်းပြည်လူထုရှေ့ တင်ပြချင်တယ်။ ဒီလိုတင်ပြခြင်းအားဖြင့် သံဃာသန့်ရှင်းရေးဖြစ်မလားလို့ တင်ပြတာပဲ။ အဲဒီတုန်းကတော့ သာသနာသန့်ရှင်းရေးလုပ်တာကို တော်တော်ယုံကြည်တယ်။ ဘုန်းကြီးကောင်းတွေ ဘာတွေမြင်ချင်တယ်။ ဖူးချင်တယ်။ အဲဒီတုန်းကတော့ ဗုဒ္ဓဘာသာပီပီ အဲဒီလိုပဲဆန္ဒရှိတယ်။ အခုတော့ သူတို့ဘာသာသူတို့ ပျက်နေလည်းမတတ်နိုင်ဘူးပေါ့။ (ရယ်သံများ) ပြောသာ နေရတယ်။ သိပ်တော့ ထွေထွေထူးထူးမပြောချင်ပါဘူး။ အဲဒီတော့ အဲဒီဝတ္ထုရေးရခြင်းရဲ့ အကြောင်းရင်းကတော့... ခုနကပြောသလိုပဲ သာသနာသန့်ရှင်းရေး ဖြစ်ချင်လို့ပဲ။

**သပိတ်မှောက်ကျောင်းသား**

နောက်တစ်ခါ ၁၉၃၇ ခုနှစ်မှာ နောက်ထပ်ဝတ္ထု

mgyoe.com

mgyoe.com


တစ်ပုဒ်ရေးတယ်။ အဲဒါကတော့ 'သပိတ်မှောက်ကျောင်းသား'။ အဲဒီသပိတ်မှောက် ကျောင်းသားကတော့ ၁၉၃၅ နဲ့ ၃၆ မှာ။ အဲဒီမှာ တက္ကသိုလ်ကျောင်းသားတွေရဲ့ လောကမှာ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တွေ၊ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်တွေ ပြင်းပြင်းထန်ထန် ဝင်လာတယ်။ ကျွန်ပညာကို အလိုမရှိလို့ ဆူပူကြတယ်။ အဲဒီကနေပြီးတော့ သပိတ်ကြီး ပေါက်ကွဲလာတယ်။ တင်ပြချင်တဲ့ အကြောင်းရင်းက အဲဒီဟာကိုး။ အဲဒီတော့ တစ်နည်းပြောလို့ရှိရင်ဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ကိုလိုနီစနစ်ပညာရေးကို တွန်းလှန်ဖြိုဖျက်ရေးအတွက်... ဒါအဓိက အကြောင်းထားပြီးတော့ ရေးတဲ့ဝတ္ထုဖြစ်တယ်။ အဲဒီအကြောင်းရင်းဆိုတာ ရှိရမယ်။

## တက်ခေတ်နတ်ဆိုး

ထိုနည်းလည်းကောင်းပဲ၊ ၁၉၄၀ ပြည့်နှစ်လောက်ကျတော့ နောက်ထပ်ဝတ္ထုတစ်ပုဒ်ရေးပြန်တယ်။ ဒါကတော့ ဘာလဲဆိုတော့... 'တက်ခေတ်နတ်ဆိုး' ဆိုတဲ့ဝတ္ထု။ အဲဒါကတော့ တစ်အချက်အားဖြင့် ဖော်ထုတ်ချင်တာကတော့... အဲဒီတုန်းက လူငယ်တွေကြားထဲမှာ အများဆုံးပျံ့နှံ့နေတဲ့ ရောဂါတစ်ခုဖြစ်တဲ့ ကာလသား

mgyoe.com

mgyoe.com



ရောဂါ။ ဒီရောဂါရဲ့အကြောင်းကို သရုပ်ဆောင်ပြီး တော့ကာ ဒီလောကတော့ မသွားလေနဲ့။ ပြည့်တန်ဆာလောကတော့ မင်းတို့လူငယ်တွေ မသွားကြလေနဲ့ ဆိုတဲ့ အကြောင်းရင်းကို ရေးလိုက်ခြင်းဖြစ်တယ်။ ကိုယ်တွေ့တွေ ဘာတွေ ကြံဖူးတော့ ရေးနိုင်တာပေါ့။ (ရယ်သံများ)

**လမ်းစပေါ်ပြီ**

အဲဒီလိုဝတ္ထုတွေ ရေးလာတယ်။ နောက်တစ်ခါ စစ်ပြီးတဲ့အခါမှာ နောက်ဝတ္ထုတစ်ပုဒ်ရေးတယ်။ 'လမ်းစပေါ်ပြီ' ... ဆိုတဲ့ဝတ္ထု။ ၁၉၄၉ ခုနှစ်မှာရေးတာ။

အဲဒီဝတ္ထုရဲ့ ရည်ရွယ်ချက်ကတော့ ၁၉၄၇ ခု ဖက်ဆစ်ဂျပန်တွေကို မောင်းထုတ်ခဲ့ပြီးတဲ့နောက် ဗမာပြည်မှာ ဖဆပလနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ခေါင်းဆောင်ပြီးတော့ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှု၊ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီကလေး အထိ အဲဒီကာလ အတောအတွင်းမှာဖြစ်တဲ့ နိုင်ငံရေးလှုပ်ရှားမှု၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲကို ဖော်ထုတ်နေခြင်း အကြောင်းရင်း ဖြစ်ပါတယ်။ အဲဒီ အကြောင်းရင်းနဲ့ ရေးလိုက်တယ်။

အဲဒါပြီးတဲ့နောက်ကျတော့... အများသိကြတဲ့

mgyoe.com

mgyoe.com



(၁၉၅၀– ၅၄ ခုနှစ်ကြားမယ် ဒါကို တော်တော်လေး စိမ်ပြေနပြေရေးတဲ့) 'အရှေ့က နေဝန်းထွက်သည့် ပမာ။' ဘယ်အကြောင်းရေးတာလဲဆိုလို့ရှိရင် ၁၉၃၆ ကနေပြီးတော့ ၁၉၄၁ ခုနှစ်အထိ၊ ၁၉၃၆ အတွင်းက ပထမဆုံးသပိတ်၊ ကျောင်းသားတွေရဲ့သပိတ်၊ ပထမ သပိတ်ကနေပြီး ဒုတိယသပိတ်။ အဲဒီကျောင်းသား သပိတ်၊ အဲဒီသပိတ်ကနေပြီးတော့ ဖက်ဆစ်ဂျပန်တွေ ဝင်လာတဲ့အချိန်၊ ဂျပန်တွေ ရန်ကုန်မြို့ရောက်တဲ့ အချိန် ထိ။ အဲဒီကာလမှာဖြစ်ခဲ့တဲ့ လွတ်လပ်ရေးလှုပ်ရှားမှု၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု၊ အဲဒီအပေါ်မှာ အခြေခံပြီးတော့ အဲဒီသမိုင်းကို တင်ပြချင်တဲ့ အကြောင်းရင်းကြောင့်... ဒီအရှေ့ကနေဝန်းထွက်သည့် ပမာ ဝတ္ထုကို ရေးခဲ့တယ်။

## အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ

နောက်ဆုံးရေးခဲ့တာတော့... အဏ္ဏဝါခရီးသည် နှင့် ပုလဲဒေဝီဝတ္ထု။ (အချိန်ရှိရင် ဆက်ပြောသွားပါ မယ်)

အဲတော့... ငါတို့အနေနဲ့ ဝတ္ထုရေးဆရာတစ် ယောက်အနေနဲ့ ခုလိုလုပ်လာပြီးတော့... ကိုယ့်အတွေ့ အကြုံကို ပြန်သုံးသပ်တဲ့အခါကျတော့ ဝတ္ထုရေးတိုင်း

mgyoe.com

mgyoe.com



ရေးတိုင်းဟာ... အကြောင်းရင်းတစ်ခုရှိရမယ်။ မှတ်မှတ်သားသား၊ သတ်သတ်မှတ်မှတ် အကြောင်းရင်းတစ်ခုရှိရမယ်။ အဲဒီအကြောင်းရင်းရှိထားတဲ့ အခါကျတော့ အဲဒီအကြောင်းရင်းကနေပြီးတော့... မူလထားပြီးရေသောက်မြစ်သဖွယ် ထားပြီးတော့ မူလကနေပြီးသမှုဟကို ဖြာဆင်းလာတယ်။ မြစ်ဖျားခံကာ အောက်ဆင်းသွားသလိုပဲ။ မူလကနေပြီးတော့ သမှုဟဖြစ်တဲ့ အချက်တွေက ဘာလဲဆိုရင်ဖြင့် ဇာတ်လမ်းတို့၊ ဇာတ်ကွက်တို့၊ ဇာတ်ဆောင်တို့၊ ဇာတ်ကောင်တို့ဆိုတာတွေဟာ အဲဒီကဆင်းသက်ရမယ်။ အဲဒီလိုသဘောထားပြီးတော့ ရေးတာပဲ။ ဒါမှရှင်သန်တဲ့၊ လှုပ်ရှားတဲ့၊ သဘာဝကျတဲ့ ဇာတ်ကောင်တွေ ပေါ်ပေါက်လာနိုင်တယ်။ နို့မဟုတ်လို့ရှိရင် အဲဒီလိုရှင်သန်တဲ့ ဇာတ်ကောင်တွေပေါ်မလာဘူး။ အဲဒါ အတော်အရေးကြီးတဲ့ မှတ်သားဖွယ်ရာ အချက်တစ်ရပ်ပါပဲ။ အတွေ့အကြုံထဲက ဖြေရမယ်ဆိုလို့ရှိရင်တော့... အဲဒါတွေ တစ်ခုစီတစ်ခုစီကို ဝတ္ထုတစ်ပုဒ်စီကို ပြောသွားရင်းနဲ့ အဲဒီဇာတ်ကောင်တွေဘယ်လိုပေါ်လာတယ်ဆိုတာကို တင်ပြသွားပါမယ်။

**ဝတ္ထုအင်္ဂါ**

အရေးကြီးတာက အကြောင်းရင်းတစ်ခုရှိရမယ်။

mgyoe.com

mgyoe.com



Theme တစ်ခုရှိရမယ်ဆိုပါစို့။ တစ်ခုကလည်း လွတ်လပ်ရေးတိုက်ပွဲကို Theme ထားပြီးရေးမယ်။ တစ်ခုကလည်း ခုနကပြောသလို သာသနာပြုပြင်ရေးကို Theme ထားပြီးရေးမယ်။ တစ်ခုကဖြင့် မီးဖိုချောင်ကို Theme ထားပြီးတော့ ရေးရမယ်။ သို့သော်လည်း အဲဒီ ကိုယ်ရေးမယ့်အကြောင်းရင်းကို ခေါင်းထဲက မပြတ်ဘဲ အမြဲတမ်းအားဖြင့် မှတ်ထားပြီးတော့ ဒီကနေပြီးတော့ မူလထားပြီး ဇာတ်ကွက်တွေလည်း အဲဒီအထဲမှာဖြစ်ရမယ်။ ဟုတ်လား။ အဲဒီမှာ ဇာတ်လမ်းတွေဆင်ရမယ်။ အဲဒီကနေပြီးတော့မှ... ဇာတ်ကောင်တွေပေါ်ထွက်လာရမယ်။ ဆိုလိုတာက... ဇာတ်ကောင်တွေကနေပြီးတော့ ဇာတ်လမ်းကို ဖန်တီးပေးခြင်း မဟုတ်ရဘူး။ ဇာတ်ကောင်တွေကနေပြီးတော့ ဇာတ်ကွက်ကို ဖန်တီးခြင်းလည်း မဟုတ်ရဘူး။ ဇာတ်ကောင်တွေကနေပြီးတော့... အခုနင်က အကြောင်းရင်းကို ဖော်ပြတဲ့အနေနဲ့လည်း မဟုတ်ရဘူး။ အကြောင်းရင်းကသာ သူတို့ကို ဖန်တီးလာတာဖြစ်ရမယ်။ သူတို့က အကြောင်းရင်းကို ဖန်တီးခြင်းမဖြစ်ရဘူး။

အဲဒီတော့... အဲဒီမူနဲ့ ဒီပြင်ရှိနေတဲ့ ဒီပြင်ဝတ္ထုတွေကို ကြည့်လိုက်ရင်.... တချို့သိပ်ပြီးတော့ အံမဝင်ခွင်မကျရှိနေတဲ့ ဝတ္ထုတွေကို ကြည့်လိုက်ရင်.. အဲဒီ

mgyoe.com

mgyoe.com



ချွတ်ယွင်းချက် တွေ့ရတယ်။ သူတို့က ဇာတ်ကောင်တွေ အရင်ဖန်တီးပြီးမှ Theme ကိုလိုက်ရှာပြီးတော့ (အကြောင်းရင်းရှာပြီးတော့) အဲဒီအကြောင်းရင်းကို ဇာတ်ကောင်တွေက ဟောပြောဆိုပြီးတော့ သူတို့ပါးစပ်ထဲ ထည့်ပေးဆိုတဲ့ အခါကျတော့ကာ အံမဝင်ဘူးဖြစ်နေတယ်။ ကိုယ်ရေးတဲ့ဝတ္ထုတွေ ကြည့်ရင်တော့ ဒီအစီအစဉ်လေးရှိတယ်။

အဲလိုအကြောင်းရင်းရှိပြီးတဲ့နောက် အကြောင်းရင်းကနေပြီးတော့ ဖြာဆင်းလာတဲ့ ဇာတ်ကွက်ဇာတ်လမ်းရှိရတယ်။ အဲဒီဇာတ်ကွက်ဇာတ်လမ်းက ဖန်တီးထုတ်လုပ်ပေးလိုက်တဲ့ ဇာတ်ကောင်တွေရှိရမယ်။ ဒီအစီအစဉ်နဲ့သာလျှင် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်နိုင်တယ်လို့ သင်ခန်းစာရလာတယ်။ အဲဒီတော့ ဒီကောက်ချက်တွေကို အခုရှေ့ဆက်ပြီး ပြောရင်းလည်းပဲ သူ့ဆိုင်ရာဝတ္ထုနဲ့ပတ်သက်ပြီး ပြောတဲ့အခါမှာ သာဓကဆောင်သွားပါ့မယ်။

## တက်ဘုန်းကြီး သို့မဟုတ် မကြည်ရဲ့ဦးသုခ

ဒီတော့ အခုပြန်ပြီးတော့ ကောက်ပါ့မယ်။ တစ်အုပ်စီ တစ်အုပ်စီသွားမယ်။ အခုပြောမယ့် ဝတ္ထုကတော့ စောစောကပြောထားတဲ့ တက်ဘုန်းကြီးဆိုတဲ့

mgyoe.com

mgyoe.com



ဝတ္ထုကိုရေးလိုက်တယ်။ ရေးလိုက်တော့ သူ့ရဲ့ အကြောင်းရင်းက ဘာလဲဆိုတော့ သံဃာ့ဘောင်မှာ ဝိနည်းသိက္ခာနဲ့ပြည့်စုံတဲ့ ဘုန်းကြီးတွေ ပေါ်စေချင် တယ်။ နောက် သာသနာသန့်ရှင်းရေး ဖြစ်စေချင်တယ်။ ဒါကို အကြောင်းရင်းထားတယ်။ အဲဒီ အကြောင်းရင်း ကိုထားပြီးတော့ ဦးတည်ပြီး ဇာတ်ကွက်ဇာတ်လမ်းဆင် တယ်ဆိုတဲ့ အခါကျတော့ ဇာတ်ကောင်တွေကလည်း သူ့ဟာနဲ့သူပဲ ဒီအထဲက ထွက်လာတယ်။ ဘယ်လိုလဲ ဆိုရင် သာသနာ့ဘောင်မှာ သာသနာသန့်ရှင်းရေး ဖြစ် စေချင်တဲ့အခါကျတော့ ခုနက ဝိနည်းတွေကို ချိုး ဖောက်ပြီးတော့ မဟုတ်တာဖြစ်နေတဲ့ အကြောင်းရင်း ကို ဖော်ချင်တယ်ဆိုတဲ့ အခါကျတော့ ဇာတ်ကောင် တွေကိုက ဘုန်းကြီးတွေမဖြစ်ရင် တခြားလူတွေ မဖြစ် နိုင်ဘူး။ ဘုန်းကြီးက ဇာတ်ကောင်ဖြစ်လာရတယ်။ အဲဒါမှလည်းပဲ သဘာဝပိုကျလာမယ်။ အဲဒီတော့ ဘုန်းကြီးဇာတ်ကောင်တွေ ပေါ်လာရတယ်။ ပေါ်လာ တဲ့အခါမှာ မညာမတာရေးဖို့ပဲ အရေးကြီးတယ်။ အဲဒါ သတ္တိပဲနည်းနည်းလိုတယ်။ ဟုတ်လား။ အဲဒီတော့ ဘုန်းကြီးတွေ ပေါ်လာတယ်။ ဘုန်းကြီးတွေပေါ်လာ သလို ဒီဘုန်းကြီးတွေကို အကြောင်းပြုပြီးတော့ ဘုန်း ကြီးတွေနဲ့ပတ်သက်ပြီး မကောင်းရာမကောင်းကြောင်းဖြစ်တဲ့

mgyoe.com

mgyoe.com



ဒကာ၊ ဒကာမတွေက နောက်ကလိုက်လာကြရတယ်။ အဲမကောင်းတဲ့ ဘုန်းကြီးတွေရှိသလို ကောင်းတဲ့ဘုန်းကြီးတွေလည်း ရှိပါတယ်။ ငယ်ငယ်တုန်းကတော့ မကောင်းတာဆိုရင် တိုက်မကွဆိုပြီး မကောင်းတာကို တစ်ချက်တည်း အုပ်ထည့်လိုက်တဲ့ အခါကျတော့ ကောင်းတဲ့ဘုန်းကြီးက အဲဒီထဲပါမလာဘူး။ တော်တော်တော့ကောင်းတဲ့ ဘုန်းကြီးတွေ အခံရဆိုးတာပေါ့လေ။ ကောင်းတဲ့ဘုန်းကြီးကို ဇာတ်ကောင်အဖြစ် ထည့်မပေးလိုက်မိဘူး။ မပေးလိုက်တဲ့အခါကျတော့ မကောင်းတာချည်းပြတော့ကာ သူတို့ပြောစရာဖြစ်ပြီးတော့ သပိတ်မှောက်ခြင်းခံရတယ်။ ဒီတက်ဘုန်းကြီးဝတ္ထု ပုံနှိပ်ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်းသတင်းစာတိုက်ကိုလည်း အဲဒီအချိန်တုန်းက အဝိုင်းခံရတယ်။

ဒီတော့ ဇာတ်ကောင်အဖြစ် ပေါ်လာတာက ဦးသုခဆိုတဲ့ ဦးဇင်းလေးတစ်ပါးပေါ့။ အဲဒီတုန်းက သိပ်ခေတ်စားတာက ယပ်လှဲတရားဟောတာ သိပ်ခေတ်စားတယ်။ အင်မတန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေလည်းရှိတယ်။ ယပ်လှဲတရား နာမည်ကြီးတွေပေါ့။ နာမည်သိပ်ကြီးတဲ့ မြဝတီကိုယ်တော်တို့ ဘာတို့ဆိုတာ စစ်ကိုင်းချောင်ကထွက်တယ်။ စစ်ကိုင်းချောင်ဆိုတော့ကာ အင်မတန့်ကို သီလသမာဓိပြည့်စုံတဲ့ စစ်ကိုင်း

mgyoe.com

mgyoe.com



ချောင်။ စစ်ကိုင်းချောင်လို့ ဆိုကတည်းက သီလ သမာဓိ သိပ်ကောင်းမယ့် နေရာပေါ့။ သို့ပေမဲ့ အဲဒီမြဝတီပဲ ထင်ထင်ရှားရှားဖြစ်သွားပြီး မိန်းမယူတာပဲ။ အဲဒီ ပုဂ္ဂိုလ်တွေ ပေါ်ခဲ့တဲ့အချိန်ဖြစ်တယ်။

ဒီမှာ ဇာတ်ကောင်ရွေးရပုံ။ ခုနကပြောသလို ဦးသုဓေဖြစ်ပေါ်လာပုံကို ပြောရလို့ရှိရင် တစ်နေ့ကျ တော့ အဲဒီအခါတုန်းက ဆရာတော် ဦးဥတ္တမဆိုတာ နိုင်ငံမှာ အင်မတန်အရေးကြီးတဲ့ ဘုန်းကြီးက (နိုင်ငံ ရေး ခေါင်းဆောင်ကြီးတစ်ပါးပေါ့လေ) အိန္ဒိယရောက် နေတော့... သူ့ကို ဟိန္ဒူမဟာဆဘ္ဘအသင်းကြီးဆိုတဲ့ ဟိန္ဒူတွေ အဖွဲ့ကြီးမှာ ဥက္ကဋ္ဌခန့်ကြတယ်။ ဟိန္ဒူတွေ ကလည်းပဲ ဗုဒ္ဓဘာသာနဲ့ ဟိန္ဒူဆိုတာ အတူတူပဲလုပ် တာကိုး။ သူတို့ရဲ့ ထာဝရဘုရားက ဖန်ဆင်းလိုက်တဲ့ ဘုရားငယ်ကိုးဆူမှာ ဗုဒ္ဓဟာဘုရားတစ်ဆူ ဖြစ်တယ် လို့။ သူတို့ရဲ့အယူအဆအရပေါ့လေ။ အဲဒီတော့ကာ... ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးကို သူတို့ရဲ့ ဥက္ကဋ္ဌခန့်ဖို့ သိပ်ဝန်မလေးဘူး။ အဲဒီအသင်းကြီးက ဦးဥတ္တမကို ဥက္ကဋ္ဌခန့်တဲ့အချိန်အခါမှာ ဟိုကနေဖိတ်တယ်။ "မင်း တို့ဗမာပြည်က လာခဲ့ကြကွာ။ သခင်လေး ဘာလေး တွေလာကြ"ပေါ့လေ။ အိန္ဒိယနဲ့လည်း မိတ်ဆက်ရ အောင်။ သခင် Movement ကလည်း ပေါ်လာခါစ။

mgyoe.com

mgyoe.com



အဲဒီအခါ လူလွတ်ဖို့ပြဿနာပေါ်လာတယ်။ ပေါ်လာတော့ စရိတ်ကလည်းမရှိဘူး။ ပိုက်ဆံကလည်း မရှိဘူး။ အဲဒီတော့ ခရီးစရိတ် လိုက်ရှာကြတဲ့အခါကျတော့… သခင်ကိုယ်တော်မှိုင်းက ငါ့ကိုပြောတယ်။ "မင်းကွာတဲ့ ဦးဧယျဆီသွားစမ်းကွာ" တဲ့။ သာယာဝတီ ဦးဧယျဆိုရင်… အဲဒီတုန်းက သိပ်နာမည်ကြီးတဲ့ တရားဟောဆရာ။ ယပ်လှဲ တရားဟောဘုန်းကြီး။ အဲ "မင်းသွားပြီးတော့ အလှူခံချေကွာ" တဲ့။ အဘိုးကြီးက စာရေးပေးလိုက်တယ်။ တို့ဟာ ဘုန်းကြီးဆီကတောင် အလှူခံတဲ့လူတွေ။ ညံ့တာမဟုတ်ဘူး။ (ရယ်သံများ) အဲဒီတော့ စာလေးရေးပေးလိုက်တော့ သာယာဝတီ ဦးဧယျဆီသွားတယ်။ သူက ငွေလည်းသုံးရာ လှူလိုက်ပါတယ်။ နည်းတာမဟုတ်ဘူး။ ဘုန်းကြီးက ပိုက်ဆံရှိတယ်။ အဲလို သွားတဲ့အခါမှာ ဆရာတော်ကြီးက ဘာလုပ်နေသလဲဆိုရင် ပဉ္စင်းတစ်ပါးကို ယပ်လှဲ တရားဟော နည်းသင်ပေးနေတယ်။ အဲဒီ ယပ်လှဲ တရားဟောနည်း သင်ပေးနေတော့ကာ အဆွဲအဆိုနဲ့ ပေါ့။ အဲဒီတုန်းက ဂီတတစ်ပိုင်း၊ သီချင်းတစ်ပိုင်းဆိုပြီးတော့ ဟောရတယ်။ ယပ်လှဲတရားဆိုတာ အသံနေ အသံထားနဲ့မို့ ပါဠိဂါထာတွေတောင်မှ သီချင်းလို ဆိုရတဲ့အချိန်အခါ ဖြစ်တယ်။ အဲဒီတော့ အဲဒီမှာ

mgyoe.com